# ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံဆေးသုတေသနကောင်စီဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၇။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ ဆေး သုတေသနကောင်စီ ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ သည်၊ ပြည်ထောင်စုအတွင်း နေထိုင်ကြသော ပြည်ထောင်စုသား အားလုံးတို့၏ ကျန်းမာမှု တိုးတက်ဖွံ့ဖြိုးစေလိုသည့်အတွက်၎င်း၊ ခေတ်မှီဆေးပညာရပ်နှင့်အခြားဆက်သွယ်လျက်ရှိသော လောကဓါတ်ပညာများအတွက် သုတေသနလုပ်ငန်းဖြင့်၊ တိုးတက်မှုများရယူလိုသည့်အတွက်၎င်း၊ ဆေးပညာရပ်နှင့် အခြားဆက်သွယ်နေသည့် လောကဓါတ်ပညာများတွင် ခေတ်မှီသုတေသနလုပ်ငန်းများကို လုပ်ကိုင်နေကြသော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များတို့နှင့် ပူးပေါင်းဆောင်ရွက်လိုသည့်အတွက်၎င်း၊ နောက်တွင် ကောင်စီဟု ရည်ညွှန်းသောမြန်မာနိုင်ငံ ဆေးသုတေသနကောင်စီကိုဖွဲ့စည်းလိုက်သည်။

(၂) ဤသို့ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ဆေးသုတေသနကောင်စီသည်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ ကောင်စီပိုင်တံဆိပ်တခုရှိသောတရားဝင်ကောင်စီဖြစ်ရမည့်ပြင်၊ ထိုအမည်ဖြင့် ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း၊ တရားစွဲဆိုခြင်းပြုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံရမည်။

### ကောင်စီဖွဲ့စည်းပုံ။

၃။ ။(၁) ကောင်စီတွင်၊ အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

(က) ကျန်းမာရေးဌာနတာဝန်ခံ (ဥက္ကဋ္ဌ)။

(ခ) ညွှန်ကြားရေးဝန်၊ ကျန်းမာရေးဌာနခွဲ (ဒုတိယ ဥက္ကဋ္ဌ)။

(ဂ) ဆေးသိပ္ပံကျောင်းအုပ်ကြီး၊ ရန်ကုန်။

(ဃ) ဆေးသိပ္ပံကျောင်းအုပ်ကြီး၊ မန္တလေး။

(င) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးသုတေသနအသင်း။

(စ) ညွှန်ကြားရေးဝန်ချုပ်၊ မြန်မာနိုင်ငံ လက်တွေ့ သုတေသနလုပ်ငန်းအဖွဲ့။

(ဆ) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ကာကွယ်ရေးဌာန။

(ဇ) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ရွေးချယ်ခန့်ထားသောအခြားပုဂ္ဂိုလ် ၅ ဦး။

(ဈ) ညွှန်ကြားရေးဝန်၊ မြန်မာနိုင်ငံ ဆေးသုတေသနဌာန (အတွင်းရေးမှူး)။

(၂) ဤဥပဒေပါကိစ္စရပ်များကို ဗိုလ်တွင်ကျယ်စွာ ဆောင်ရွက်နိုင်နေအလို့ငှါ၊ ကောင်စီကထောက်ခံ၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသဘောတူညီသည့်အခြားပုဂ္ဂိုလ်များကို၊ ကောင်စီလူကြီးအဖြစ်ထပ်ဖြည့်ခန့်ထားနိုင်သည်။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ခန့်ထားသည့် ကောင်စီလူကြီးများသည်၊ ၃ နှစ်ကာလမျှရာထူးခွဲထမ်းရွက်ရမည်။ ရာထူးသက်တမ်းစေ့ကုန်သည့်အခါ၊ ထိုကောင်စီလူကြီးများကိုပင် ပြန်လည်ခန့်ထားနိုင်သည်။

(၄) ကောင်စီကဆောင်ရွက်သည့် မှုခင်းကိစ္စများသည်၊ ကောင်စီ လူကြီးရာထူးလစ်လပ်သည့်အကြောင်းကြောင့်သော်၎င်း၊ ကောင်စီလူကြီး တဦးဦးခန့်ထားရာတွင်၊ ချို့ယွင်းချက်တခုခုရှိသည့် အကြောင်းကြောင့်သော်၎င်း၊ မပျက်ပြယ်စေရ။

### အစည်းအဝေးထမြောက်ရန်လိုအပ်သည့် ကောင်စီလူကြီးဦးရေ။

၄။ ။ကောင်စီ အစည်းအဝေးသို့ ကောင်စီ လူကြီး အနည်းဆုံး ၇ ဦး တက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်ရမည်။

၅။ ။ကောင်စီသည်၊ အမြဲတန်းကော်မီတီများ၊ သို့တည်းမဟုတ် သီးသန့်ကော်မီတီများကိုဖွဲ့စည်းနိုင်သည့်ပြင် ဤဥပဒေဖြင့်မိမိအား အပ်နှင်းထားသောအာဏာများနှင့်တာဝန် ဝတ်တရားများအနက် မိမိသင့်လျော်သည်ထင်မြင်သည့် အာဏာများနှင့်တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်စေရန် ကိစ္စအလို့ငှါ အဆိုပါ ကော်မီတီများသို့လွှဲအပ်နိုင်သည်။

### ကောင်စီ၏ တာဝန်ဝတ်တရားများ။

၆။ ။ကောင်စီ၏အဓိကတာဝန် ဝတ်တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ဆေးနှင့်အခြား ဆက်သွယ်နေသည့် လောကဓါတ်ပညာရပ်များ အတွက် သုတေသနလုပ်ငန်းများနှင့် ပတ်သက်သော စီမံကိန်းများကိုရေးဆွဲသတ်မှတ်ရန်။

(ခ) သုတေသနလုပ်ငန်းများ တိုးတက်ရေးအတွက်၊ ကျယ်ပြန့်သော အခြေခံဝါဒကိုအတည်ပြုရန်။

(ဂ) သုတေသနလုပ်ငန်းအတွက် သီးသန့်စီမံကိန်းကို အတည်ပြုရန်။

(ဃ) ဆေးနှင့်အခြား ဆက်သွယ်နေသည့် လောကဓါတ်ပညာရပ်များနှင့်ပတ်သက်၍၊ သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အတွက်၊ မြန်မာနိုင်ငံဆေးသုတေသနဌာန တခုကိုတည်ထောင်ရန်နှင့်အုပ်ချုပ်စီမံခန့်ခွဲရန်။

(င) မြန်မာနိုင်ငံအတွင်းရှိ ဆေးနှင့်အခြားဆက်သွယ်နေသည့် လောကဓါတ် ပညာရပ်များနှင့် ပတ်သက်၍၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသည့်အဖွဲ့အစည်းများကိုသော်၎င်း၊ လူပုဂ္ဂိုလ်များကိုသော်၎င်း၊ ညှိနှိုင်းအားပေးထောက်ပံ့မှုပြုရန်။

(စ) အရေးကြီးသောသုတေသနလုပ်ငန်းရပ်များကို၊ နိုင်ငံခြား သုတေသနလုပ်ငန်း အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ဆောင်ရွက်ရန်။

(ဆ) မြန်မာနိုင်ငံ ဆေးသုတေသနဌာနတွင် အမှုထမ်း နေကြသော ပုဂ္ဂိုလ်များ၏ ကျွမ်းကျင်မှုတိုးတက်စေရန်နှင့် အခြားသင့်တော်သောပုဂ္ဂိုလ်များကို မြန်မာနိုင်ငံ ဆေးသုတေသနဌာနတွင်နောင်အခါအသုံးပြုရန်အတွက် သင်တန်းများပေးရန်။

(ဇ) သုတေသနလုပ်ငန်းများမှ ပေါ်ပေါက်လာသည့် အကျိုးဖြစ်ထွန်းမှုများကို အများပြည်သူတို့အသုံးပြုရေးအတွက် ဖြန့်ဖြူးရန်နှင့် အားပေးရန်။

(ဈ) ဤဥပဒေပါကိစ္စရပ်များ ပေါက်မြောက်အောင်မြင်စေရန်လိုအပ်သော သက်ဆိုင်သော၊ သို့တည်းမဟုတ် အကျိုးဖြစ်ထွန်း နိုင်သော ဆောင်ရွက်မှုများပြုရန်။

(ည) အထက်ပါ တာဝန်ဝတ္တရားများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်ငှာ၊ ကောင်စီ၏ရာထမ်းမှုထမ်းများအား တာဝန်လွှဲအပ်ရန်ငှာ၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်စည်းကမ်းဥပဒေများကိုပြုရန်။

**ကောင်စီ၏ရာထမ်းမှုထမ်းများ။**

၇။ ။(၁) ကောင်စီသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏စီမံအုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ မိမိ၏လုပ်ဝတ်တရားများကို ထိရောက်စွာ ဆောင်ရွက်ရန်အလို့ငှါ၊ လိုအပ်သည့်ရာထမ်းမှုထမ်းများနှင့်အခြားအလုပ်သမားများကို ခန့်ထား၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သတ်မှတ်သည့်လစာနှင့် စရိတ်များကိုပေးနိုင်သည်။

(၂) မြန်မာနိုင်ငံ ဆေးသုတေသနဌာနတွင် အုပ်ချုပ်ရေး တာဝန်ခံဖြစ်သော ညွှန်ကြားရေးဝန်သည်၊ ကောင်စီ၏၊ အတွင်းရေးမှူးအဖြစ်ဖြင့် ဆောင်ရွက်ရမည်။

**ရံပုံငွေထားရှိခြင်း။**

၈။ ။"မြန်မာနိုင်ငံ ဆေးသုတေသန ကောင်စီရံပုံငွေ" ဟုခေါ်တွင်သည့် ရံပုံငွေကိုထားရှိရမည်၊ ထိုရံပုံငွေကိုကောင်စီက အုပ်ချုပ်ရမည်။ အောက်ပါငွေများကို၊ ထိုရံပုံငွေသို့ ထည့်သွင်းရမည်။

(က) ကောင်စီက ဤဥပဒေအရ၊ မိမိ၏အာဏာများကို သုံးစွဲရန်နှင့် မိမိဝတ်တရားများကိုဆောင်ရွက်ရန် ကိစ္စအလို့ငှါ၊ အစိုးရထံမှ ရရှိသောငွေအရပ်ရပ်။

(ခ) ကောင်စီက၊ သို့တည်းမဟုတ် ကောင်စီအတွက် ပုဂ္ဂိုလ်တဦးချင်း ထံမှဖြစ်စေ၊ အသင်းအဖွဲ့များထံမှဖြစ်စေ၊ ထောက်ပံ့ငွေများ၊ အလှူငွေများအဖြစ်သော်၎င်း၊ အခြားနည်းဖြင့် သော်၎င်းရရှိသောငွေများ။

(ဂ) ကောင်စီပိုင်ပစ္စည်းမှသော်၎င်း၊ လုပ်ငန်းရပ်များမှသော်၎င်း၊ရရှိသ ဝင်ငွေအရပ်ရပ်။

**ရံပုံငွေသုံးစွဲခြင်း။**

၉။ ။(၁) ကောင်စီသည်၊ ရံပုံငွေကို အောက်ပါကိစ္စရပ်များအတွက် သုံးစွဲနိုင်သည်။

(က) ဤဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရာ၌ကုန်ကျသည့် စရိတ်များကိုကျခံရန်။

(ခ) ကောင်စီလက်အောက်ရှိ ကော်မီတီများ၊ သုတေသနဌာနများ၊ သို့တည်းမဟုတ် ဌာနခွဲများသို့ ဤဥပဒေအရ၊ လွှဲအပ်ထားသည့်အလုပ်ဝတ္တရားများကို ဆောင်ရွက်ရန်ကိစ္စ အလို့ငှါ ငွေထောက်ပံ့ရန်။

(ဂ) သုတေသနလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်သော မည်သည့် အဖွဲ့အစည်း၊ သို့တည်းမဟုတ် လူပုဂ္ဂိုလ်များအားမဆို ငွေ ထောက်ပံ့ရန်။

(၂) ကောင်စီသည်၊ ငွေထောက်ပံ့သည့် အခါ၌ မိမိသင့်လျော်သည် ထင်မြင်သည့်စည်းကမ်းချက်များကိုသတ်မှတ်နိုင်သည်။

**ငွေစာရင်းနှင့်ငွေစာရင်းစစ်ခြင်း။**

၁၀။ ။(၁) ကောင်စီသည်၊ မိမိရရှိသည့်ငွေနှင့်သုံးစွဲသည့် ငွေအားလုံး အတွက်၊ ငွေစာရင်းများထားရှိစေရမည်။

(၂) ငွေစာရင်းများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပြဋ္ဌာန်းထားသည့် စာရင်းစစ်များက၊ ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်းကြည့်ရှု စစ်ဆေးရမည်။

**အစိုးရ၏အာဏာ။**

၁၁။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ မည်သည့် အခါမဆို၊ အမိန့်ကြော်ငြာစာဖြင့် မြန်မာနိုင်ငံဆေးသုတေသနကောင်စီကို ဖျက်သိမ်း ကြောင်းကျေညာနိုင်သည်။ ယင်းသို့အမိန့်ကြော်ငြာစာထုတ်ပြန်သောအခါ၊ ဤဥပဒေ အရ၊မြန်မာနိုင်ငံဆေးသုတေသနကောင်စီ၌တည်ရှိခဲ့သော ပစ္စည်းအားလုံး၊ ကောင်စီ ပိုင်ဆိုင်သော အခြားပစ္စည်းအားလုံးနှင့် ရံပုံငွေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၌တည်ရှိ၍၊ အစိုးရက ထိုပစ္စည်းများနှင့်ရံပုံငွေကို သိမ်းယူရမည်။

၁၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်ရန်အလို့ငှါ နည်းဥပဒေများပြုနိုင်သည်။